# သတင်းထုတ်ပြန်ချက်

ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ် ထူထောင်နိုင်ရန်အတွက် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်လိုသော ဆန္ဒဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် လက်နက်ကိုင် ပဋိပက္ခများအား ငြိမ်းချမ်းသော နည်းဖြင့်ဖြေရှင်းလိုကြသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ဖိတ်ကြားခဲ့ပါသည်။

ကေအိုင်အို၊ ကေအိုင်အေအဖွဲ့က ဖွံ့ဖြိုးရေးစီမံကိန်းများ၊ လမ်းတံတားများကို ဖေါက်ခွဲဖျက်ဆီးခြင်း၊ ပြန်ပေးဆွဲမှုများနှင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်းစသည့် အဖျက် လုပ်ရပ်များကို ဆက်လက် ကျူးလွန်လျက်ရှိသဖြင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ကာကွယ်ဆောင်ရွက်ရန်နှင့် တရားဥပဒေ စိုးမိုးရေးကို ထိန်းသိမ်းရန် အတွက် တပ်မတော်အနေဖြင့် လုံခြုံရေးအစီအမံများကို ချမှတ်ဆောင်ရွက်ခဲ့ရပါသည်။ တပ်မတော်သည် ၎င်း၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် တိကျသော ဥပဒေစည်းမျဉ်းများနှင့် တပ်မတော် ကျင့်ဝတ် စည်းကမ်းများကို တိကျစွာ လိုက်နာပြီး၊ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ပါ သည်။

ယခုရက်ပိုင်းအတွင်း မြန်မာ့တပ်မတော်မှ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားနေသော နယ်မြေများ၌ ဒေသခံပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများအပေါ်တွင် လူ့အခွင့်အရေး ချိုးဖေါက်မှုများနှင့် တရားဥပဒေနှင့်မညီညွတ်သော လုပ်ရပ်များ ကျူးလွန်လျက်ရှိကြောင်းဖြင့် နိုင်ငံခြား သတင်းဌာနအချို့မှ မဟုတ်မမှန် စွပ်စွဲ ဖေါ်ပြလျက်ရှိပါသည်။

မြန်မာ့တပ်မတော်သည် နိုင်ငံတော်၏ သမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်လာသည့် တပ်မတော်ဖြစ်ပါသည်။ တိုင်းရင်းသား အားလုံး၏ ရင်သွေးများနှင့် ဖွဲ့စည်းထားသော တပ်မတော် ဖြစ်ပါသည်။ တပ်မတော်သည် လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်းဟူသော မိမိ၏ ပင်မတာဝန်ကို ထမ်းဆောင်လျှက်ရှိသည် သာမက ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကိုလည်း အစဉ် ကာကွယ်စောင့်ရှောက်လျက် ရှိပါသည်။

တပ်မတော်သည် တိကျသည့် စည်းမျဉ်းစည်းကမ်း၊ ထက်သန်သော မျိုးချစ်စိတ်ဓါတ် ဟူသည့် ခိုင်မာသောအခြေခံအုတ်မြစ်ပေါ်တွင် တည်ထောင်ထားသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ တပ်မတော် သည် တပ်ပိုင်းဆိုင်ရာ ဥပဒေများနှင့် နယ်ဖက်ဆိုင်ရာ ဥပဒေများအား လိုက်နာဆောင်ရွက် ရပါသည်။ တပ်မတော်တစ်ရပ်လုံးတွင် တပ်မတော်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများအား တိကျစွာလိုက်နာ ဆောင်ရွက်စေပါသည်။

တည်ဆဲဥပဒေများနှင့် တပ်ပိုင်းဆိုင်ရာ စည်းမျဉ်းဥပဒေများအား ချိုးဖေါက်သော မည်သည့် တပ်မတော်သားကိုမဆို ပြင်းထန်စွာ အရေးယူသွားမည် ဖြစ်ပါသည်။ တပ်မတော်သား တစ်ဦးဦးမှ စည်းကမ်းဖေါက်ဖျက်မှုများ၊ တရားဥပဒေနှင့်မညီညွတ်သော လုပ်ရပ်များ ကျူးလွန် နေကြောင်း အထောက်အထားများ ရှိပါက မည်သူမဆို သတင်းပေးပို့ တိုင်ကြားနိုင်ပါသည်။ သို့ရာတွင်

တပ်မတော်မှ လုံခြုံမှု ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်နေသော နေရာဒေသများတွင်ဖြစ်စေ၊ နိုင်ငံ၏ မည်သည့်နေရာဒေသတွင်ဖြစ်စေ၊ တပ်မတော်သားများမှ လူ့အခွင့်အရေး ချိုးဖေါက်မှုနှင့် တရားဥပဒေနှင့်မညီညွတ်သော လုပ်ရပ်များ ကျူးလွန်နေကြောင်း သတင်းပေးပို့ တိုင်တန်းမှုများ မရှိခဲ့ပါ ။

တပ်မတော်အပေါ် စွပ်စွဲမှုများသည် ပြည်တွင်းပြည်ပ အခြေစိုက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများမှ နိုင်ငံခြား သတင်းဌာန အချို့ဖြင့် ပူးပေါင်းပြီး နိုင်ငံတော်နှင့် မြန်မာ့တပ်မတော်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန်အတွက် တမင်သက်သက် လုပ်ကြံဖန်တီးထားသည့် သတင်းများမှ တစ်ဆင့်ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ယင်းစွပ်စွဲမှုများ အားလုံးသည် အခြေအမြစ်မရှိ၊ မှန်ကန်ခြင်းလည်း မရှိသည့် အချက်များဖြစ်၍ မိမိတို့အနေဖြင့် လုံးဝငြင်းပယ်ကြောင်း ဖေါ်ပြအပ်ပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရေးဟူသည့် မြင့်မြတ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆက်လက် ထမ်းဆောင်သွားမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

# Press Release

The Government of the Republic of the Union of Myanmar, desirous of ending armed conflicts to make internal peace in order to build a peaceful, developed nation, has invited national race armed groups wishing to solve armed conflicts to peace talks.

In order to maintain law and order and to protect the life and property of the people, and development projects in Kachin State, the Tatmadaw has been taking security measures as KIO/KIA continues to commit destructive acts of blowing up development projects, roads and bridges, taking hostages and killing innocent civilians. The Tatmadaw has been conducting its duties under strict rule of law and military code of conduct while exercising total restraint in its actions.

Recently there were some foreign media reports alleging Myanma Tatmadaw (Myanmar Armed Forces) of committing human rights violations and atrocities against civilians, particularly women in the armed conflict areas.

The Tatmadaw was born out of historical necessity of the nation. As it is made up of the sons of all national races, the Tatmadaw has always been protecting and safeguarding the life and property of the people in addition to its primary duty of safeguarding the independence, sovereignty, territorial integrity and national unity of the state.

The Tatmadaw is an institution built on the solid foundation of strict discipline and strong patriotism. It is bound by military and civil laws. The military code of conduct has been strictly enforced within the entire armed forces.

Any serviceman who violates the existing laws and military code of conduct will be dealt with severely. Anyone can file complaint if there is an evidence of a Tatmadaw serviceman committing atrocities. But, there was no complaint filed against any Tatmadaw servicemen concerning violation of human rights and committing atrocities against civilian population in areas where the military is conducting security activities or any part of the country.

9/9

These allegations emanate from fabricated reports by anti-government groups inside and outside the country in collusion with some foreign media with an aim to tarnishing the image of the government of Myanmar and the Tatmadaw. These accusations are groundless and far from the truth. Therefore, we categorically reject these allegations.

The Tatmadaw while upholding our Three National Causes will continue to fulfill the noble task of safeguarding the life and property of the people.

Ministry of Foreign Affairs
Nay Pyi Taw.
Dated. 26 August 2011.